## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်အဖွဲ့ ရုရှားနိုင်ငံ၌ ကျင်းပသည့် ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာကွန်ဖရင့်သို့ တက်ရောက်

မော်စကို စက်တင်ဘာ ၁၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် လွှတ်တော်အမတ်များ ရွေးကောက်ပွဲသို့ ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်သူကိုယ်စားလှယ်အဖြစ် ရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဗဟိုရွေးကောက်ပွဲကော်မရှင်းရုံး၌ ယနေ့မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ ကျင်းပသည့် “ လှိုင်းကြီးလေထန်ကာလများအတွင်းမှ ရွေးကောက်ပွဲများ” ( Elections in Times of Turbulence ) အမည်ဖြင့် ကျင်းပသော နိုင်ငံတကာကွန်ဖရင့်သို့ တက်ရောက်ကြသည်။

ကွန်ဖရင့်တွင် ရုရှားရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ Mrs. Ella Pamfilova က ဒူးမားလွှတ်တော်အမတ်များ ရွေးချယ်မည့် ရွေးကောက်ပွဲအစီအစဉ်များနှင့် ပြင်ဆင်ဆောင်ရွက်ခဲ့မှုများကို နိုင်ငံတကာမှ စောင့်ကြည့်ရေးအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့များအား ရှင်းလင်းပြောကြားသည်။

ယခုရွေးကောက်ပွဲသို့ နိုင်ငံပေါင်း ၁၃၃ နိုင်ငံမှ ကိုယ်စားလှယ်ဦးရေ ၁၁၂၆ ဦး တက်ရောက်ကြပြီး ၈ နိုင်ငံမှ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌများအပါအဝင် ကိုယ်စားလှယ်များက မိမိတို့နိုင်ငံအလိုက် ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ခဲ့မှုများနှင့် အတွေ့အကြုံ များကို မျှဝေဆွေးနွေးကြသည်။

ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဗဟိုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက Zaryadye Moscow Concert Hall ခန်းမ၌ ညှော်ခံဖျော်ဖြေသည့် ရုရှားရိုးရာ

အကပဒေသောနှင့် တေးဂီတများအား ကြည့်ရှုအားပေးခဲ့ပြီး Zaryadye Bar ၌ ညှော့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)